
## အစီရင်ခံစာအကျဉ်းချုပ်

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ

# လူထုပါဝင်ခွင့်မရှိသည့် ဖွံ့ဖြိုးရေးစီမံကိန်းများ

## မြန်မာပြည်အရှေ့တောင်ပိုင်းရှိ မြေယာသိမ်းယူမှုများနှင့် ကျေးလက်စွမ်းရည်လုပ်ဆောင်ချက်များ

မြန်မာနိုင်ငံအနှံ့အပြားတွင် ဌာနေတိုင်းရင်းသားလူမှုအသိုက်အဝန်းများလုပ်ကိုင်အသုံးချနေသော မြေယာအမြောက်အများသိမ်းယူခံရလျက်ရှိသည်။ နိုင်ငံတွင်းလက်ရှိ လုပ်ဆောင်နေသောဖွံ့ဖြိုးရေးကိစ္စရပ်များသည် ကျေးလက်နေလူမှုအသိုက်အဝန်းများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုအန္တရာယ်များကို အလွန်အမင်းဖြစ်ပေါ်စေသည်။ ဒေသတွင်း ၇၀ ရာခိုင်နှုန်းသောဒေသခံပြည်သူများသည် ၎င်းတို့၏အသက်ရှင်ရပ်တည်မှုအတွက် မြေယာကိုသာအမှီပြုလျက်ရှိပြီး မြေယာသိမ်းယူမှုများသည် လူမှုအသိုက်အဝန်းတစ်ခုလုံး၏ အသက်မွေးဝမ်းကျောင်းများအပေါ် ခြိမ်းခြောက်မှုကိုဖြစ်စေနိုင်သည်။ ဓလေ့ထုံးတမ်းအရ မြေယာလုပ်ကိုင်ကျင့်သုံးမှုများပြားခြင်း၊ မြေယာစီမံအုပ်ချုပ်မှုစနစ်များအားနည်းနေမှုနှင့် ဌာနဆိုင်ရာများအချင်းချင်းပူးပေါင်းလုပ်ဆောင်မှုအားနည်းခြင်းများကြောင့် အထူးသဖြင့် မြန်မာနိုင်ငံ၏တိုင်းရင်းသားဒေသများ၌ ကျေးလက်နေပြည်သူအများအပြားမှာ မြေယာသိမ်းယူခြင်းခံရနိုင်သည့်အခြေအနေဖြစ်နေသည်။




အစီရင်ခံစာအပြည့်အစုံကိုမူ အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာနှင့် ကရင်ဘာသာများဖြင့်ရရှိနိုင်ပါသည်။ အစီရင်ခံစာအားလုံးကို www.khrg.org တွင် ရယူနိုင်သည်။

၂၀၁၂ ခုနှစ် နှစ်ဖက်သဘောတူပဏာမအပစ်အခတ်ရပ်စဲရေးနှင့် ၂၀၁၅ ခုနှစ် တစ်နိုင်ငံလုံးဆိုင်ရာပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီမှုစာချုပ်တို့မှာ ကြီးမားသောရင်းနှီးမြှုပ်နှံမှုများအတွက် အချိန်ကာလတစ်ခု လမ်းဖွင့်ပေးခဲ့သည်။ မြန်မာပြည်အရှေ့တောင်ပိုင်းတွင်အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများနှင့် သဘာဝအရင်းအမြစ်ထုတ်ယူသုံးစွဲမှုများ မြှင့်တက်လာခဲ့သည်။ ဒေသခံလူမှုအသိုက်အဝန်း၏နစ်နာမှုများနှင့်လိုအပ်ချက်များကိုအနည်းငယ်သာစဉ်းစားပေးသောပြည်တွင်းနှင့် နိုင်ငံတကာကုမ္ပဏီများသည် ကျေးလက်နေပြည်သူများနှင့် ထိပ်တိုက်ရင်ဆိုင်လာရပြီး မြေယာအငြင်းပွားမှုများ ပိုမိုများပြားလာခဲ့သည်။

မြန်မာပြည်အရှေ့တောင်ပိုင်းတွင် အဓိကလုပ်ကိုင်သည့် စီးပွားဖြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ သတ္တုမိုင်းလုပ်ငန်း၊ ရေအားလျှပ်စစ်၊ လမ်းဖောက်လုပ်ခြင်းနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြစ်ကြသည်။ ကုမ္ပဏီကိုယ်စားလှယ်များနှင့် အစိုးရအာဏာပိုင်များအပါအဝင် ၎င်းစီမံကိန်းများတွင်ပါဝင်ပတ်သက်လုပ်ဆောင်နေသူများသည် စီးပွားဖြစ်ဖွံ့ဖြိုးရေးလုပ်ငန်းကြီးများမှ အကျိုးအမြတ်များရရန်သာရည်ရွယ်သည့်အတွက် ဒေသခံပြည်သူများ၏အခွင့်အရေးများကို လျစ်လျူရှုထားကြောင်း ဤအစီရင်ခံစာရှိ သက်သေအထောက်အထားများအရ မြေယာနှင့်ပတ်သက်၍ အလွန်စိုးရိမ်ရသည့်အခြေအနေကိုညွှန်ပြနေသည်။

ဌာနေတိုင်းရင်းသားများ၏အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေငြာစာတမ်း (UNDRIP)နှင့် ကုလသမဂ္ဂ၏စီးပွားရေးနှင့်လူ့အခွင့်အရေးများဆိုင်ရာလမ်းညွှန် အခြေခံမူများတွင် ထိုအချက်များကို လေးစားစွာထည့်သွင်းဖော်ပြထားသော်လည်း ပါဝင်ပတ်သက်လုပ်ဆောင်သူများသည် မြေယာသိမ်းယူခြင်းများအတွက် ဒေသခံပြည်သူများအား ကြိုတင်အသိပေးခြင်းနှင့် သဘောထားခွင့်ပြုချက်ရယူမှုများမရှိသည်ကိုတွေ့ရှိရသည်။ ကုမ္ပဏီများနှင့် ဒေသတွင်းအာဏာပိုင်များသည် ဒေသခံလူမှုအသိုက်အဝန်းများ၏လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ရေရှည်သက်ရောက်မှုများအတွက် အနည်းငယ်သာထည့်သွင်းစဉ်းစားပြီး စီးပွားဖြစ်ဖွံ့ဖြိုးရေးစီမံကိန်းများကိုသာ ဦးစားပေးလျက်ရှိသည်။ မြန်မာပြည်အရှေ့တောင်ပိုင်းမှရွာသားများသည် အနည်းငယ်သောလျော်ကြေး သို့မဟုတ် တရားမျှတမှုရရှိရန် အကူညီတောင်းခံခြင်းတို့နှင့်အတူ ၎င်းတို့၏မြေယာအခွင့်အရေးလုံခြုံမှုရရှိရန် ရုန်းကန်နေကြရသည်။

နိုင်ငံရေးနှင့် လူမှုရေးတည်ငြိမ်မှုမရှိခြင်းကြောင့် မျက်မှောက်ကာလ မြေယာအငြင်းပွားမှုများသည် မြန်မာပြည်အရှေ့တောင်ပိုင်း၏ ရေရှည်တည်တံ့သောငြိမ်းချမ်းရေးရရှိရေးအတွက် ခြိမ်းခြောက်မှုတစ်ခုဖြစ်နေသည်။ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုများအသိမ်းခံရခြင်းမှကာကွယ်ရန် ကျေးလက်နေပြည်သူများ၏လူ့အခွင့်အရေးနှင့် မြေယာအခွင့်အရေးများကာကွယ်ရန် ခိုင်မာလုံခြုံသည့်ဥပဒေမူဘောင်များ စတင်လုပ်ဆောင်ရန်အလျင်အမြန်လိုအပ်နေပါသည်။


ကရင်လူ့အခွင့်အရေးအဖွဲ့မှ ကျေးလက်စွမ်းရည်ဆိုသည်မှာ ရွာသားများမှ လူ့အခွင့်အရေးချိုးဖောက်မှုများအားနားလည်ရန်၊ ထိပ်တိုက်ရင်ဆိုင်ရန်နှင့် ကာကွယ်ရန်အတွက် လုပ်ဆောင်သည့်လုပ်နိုင်စွမ်းအား၊ နည်းဗျူဟာများနှင့် ကြိုးပမ်းမှုများဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ ကျေးလက်ပြည်သူများသည်အခက်အခဲအတားအဆီးများကြုံတွေ့ရသော်လည်း လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် မြေယာသိမ်းယူမှုများအား တွန်းလှန်ခုခံနိုင်ရန် ကြိုတင်လှုပ်ရှားမှုများ၊ တီထွင်ဖန်တီးမှုများနှင့် လိုက်လျောညီထွေသည့် နည်းလမ်းများဖြင့် တုံ့ပြန်ခဲ့ကြသည်။

- တိုင်ကြားစာများပေးပို့ခြင်း။
- ကန့်ကွက်ဆန္ဒပြခြင်းနှင့် မြေယာအားခြံစည်းရိုးခတ်ကာကွယ်ခြင်း။
- မြေယာမှတ်ပုံတင်လျှောက်ထားခြင်း။
- လျော်ကြေးနစ်နာကြေးညှိနှိုင်းခြင်း။
- ပါဝင်ပတ်သက်လုပ်ဆောင်သူများသို့ ဆက်သွယ်ခြင်း။
- ကျေးရွာကော်မတီဖွဲ့စည်းခြင်း။



အထက်ပါပုံသည် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့၌ တောင်ငူမြို့နယ်တွင် ကရင်လူ့အခွင့်အရေးအဖွဲ့၏ သတင်းမှတ်တမ်းပြုစုသူတစ်ဦးမှရိုက်ယူခဲ့ခြင်းဖြစ်သည်။ ဤပုံတွင် ထန်းတပင်မြို့နယ်ရှိ အအ---၊ အဒ---၊ အခ---နှင့် အဘ---ကျေးရွာများမှ ဒေသခံလယ်သမားများ အယောက် (၂၀၀) သည် ကောင်းမြန်မာအောင်ကုမ္ပဏီကို မကျေနပ်သောကြောင့် ၎င်းတို့၏မြေများပြန်လည်ရရှိရန်အတွက် တောင်ငူမြို့သို့ချီတက်ဆန္ဒပြကြသောပုံဖြစ်သည်။ ထိုကုမ္ပဏီသည် ကျွန်းသစ်စိုက်ပျိုးရန် စီမံကိန်းအတွက် ရွာသားများ၏မြေများကိုမတရားသိမ်းပိုက်သောကြောင့် ရွာသားများသည် ၎င်းတို့၏မြေယာများပြန်လည်ရရှိရေးအတွက် တောင်ငူမြို့ဝန်းကျင်တွင် ဆန္ဒပြပွဲပြုလုပ်ခဲ့ခြင်းဖြစ်သည်။ *[ဓာတ်ပုံ- KHRG]*

# မြန်မာပြည်အရှေ့တောင်ပိုင်းရှိ မြေယာအုပ်ချုပ်မှု



# မြေယာလုပ်ပိုင်ခွင့်လက်မှတ်များနှင့် မှတ်တမ်းပြုစုခြင်း

မြန်မာပြည်အရှေ့တောင်ပိုင်း၌ မြေယာနှင့်ပတ်သက်သောစီမံအုပ်ချုပ်မှုတွင် နည်းစနစ်နှစ်ခုရောယှက်နေသောစီမံခန့်ခွဲမှုများ ရှိနေသည်။ တစ်ခုမှာ မြန်မာအစိုးရမှစီမံအုပ်ချုပ်သည့်နည်းစနစ်ဖြစ်ပြီး အခြားတစ်ခုမှာ ကရင်အမျိုးသားအစည်းအရုံးမှစီမံအုပ်ချုပ်သည့်နည်းစနစ်တစ်ခုဖြစ်သည်။ မြေယာမှတ်ပုံတင်စနစ်နှစ်ခုလုံးသည် ရွာသားများအား မြေယာပိုင်ဆိုင်မှု (KNU စနစ်အောက်) သို့မဟုတ် မြေယာလုပ်ပိုင်ခွင့် (မြန်မာအစိုးရနှင့် KNU စနစ်နှစ်ခုလုံး၏အောက်) တွင် လိုအပ်သောတရားဝင်စာရွက်စာတမ်းများရနိုင်ရန် အခွင့်အလမ်းပေးထားသည်။ ၂၀၁၂ ခုနှစ်မှစ၍ အစိုးရနှစ်ရပ်လုံးသည် မြေယာမှတ်ပုံတင်ခြင်းနှင့်မြေပုံရေးဆွဲခြင်းများသာမက မြေယာလုပ်ပိုင်ခွင့်လက်မှတ်ထုတ်ပေးခြင်းများကို ကြိုတင်လုပ်ဆောင်ခဲ့ကြသည်။ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် စီးပွားရေးဆိုင်ရာဖွံ့ဖြိုးရေးများမြှင့်တက်လာသောကြောင့် ရွာသားများသည် ၎င်းတို့မြေယာများအား ကုမ္ပဏီမှသိမ်းယူမှုနှင့် ဆုံးရှုံးမှုများမှကာကွယ်ရန်အတွက် မြေယာလုပ်ပိုင်ခွင့်လက်မှတ်များရရှိရန် ပိုမိုကြိုးစားလာခဲ့သည်။

# အဓိကရှာဖွေတွေ့ရှိချက်များ

- မြန်မာပြည်အရှေ့တောင်ပိုင်းတွင်ရှိသောရွာသူရွာသားများ အထူးသဖြင့် ကျေးလက်ဒေသတွင်နေထိုင်သောရွာသားများသည် မြေယာလုပ်ပိုင်ခွင့်လက်မှတ်များကို ထုံးတမ်းစဉ်လာအရအသုံးမပြုခဲ့ကြပေ။ ဤဖြစ်စဉ်သည် မြန်မာပြည်အရှေ့တောင်ပိုင်းတွင်တည်ရှိနေသော မြေယာပိုင်ဆိုင်မှုဆိုင်ရာလျှောက်ထားမှုစနစ် ခြားနားသောမြေယာမှတ်ပုံတင်စနစ်နှစ်ရပ်ရှိနေခြင်းကြောင့် မြေယာသိမ်းယူမှုမှအကာအကွယ်ရရှိရန် ကြိုးပမ်းလုပ်ဆောင်နေကြသော ရွာသူရွာသားများအတွက် ပို၍ရှုပ်ထွေးစေပါသည်။
- လက်ရှိတွင်ရွာသားများမှ မြေယာလုပ်ပိုင်ခွင့်လက်မှတ်၏အရေးကြီးမှုများကို ပိုမိုသတိပြုမိလာသော်လည်း မြေယာလုပ်ပိုင်ခွင့်လက်မှတ်အား မည်သို့လျှောက်ထားရမည်၊ မည်သည့်လျှောက်ထားမှုလုပ်ငန်းစဉ်များနှင့် မည်မျှကြာမြင့်မည်စသည်ဖြင့် ရွာသားများ၏နားလည်မှုများမှာ ထင်ရှားစွာကွာဟချက်များရှိနေသည်။
- ရွာသားများသည်မြေယာသိမ်းယူမှုများမှကာကွယ်ရန်နှင့်ဥပဒေအရတရားဝင်အသိအမှတ်ပြုရန်အတွက်မြေယာလုပ်ပိုင်ခွင့်လက်မှတ်များအားရရှိရန် တက်ကြွစွာလုပ်ဆောင်သော်လည်း ကြီးမားသောအတားအဆီးများနှင့် ရင်ဆိုင်နေရသည်။ ထိုအတားအဆီးများတွင် မြေယာလုပ်ပိုင်ခွင့်လက်မှတ်လျှောက်ထားမှုဖြစ်စဉ်များအကြောင်း သတင်းအချက်အလက်မရှိခြင်း၊ မြေယာတိုင်းတာမှုစနစ်တွင်ပွင့်လင်းမြင်သာမှုမရှိခြင်းနှင့် ဒေသအဆင့်၌လာဘ်ထိုးမှုနှင့် အကျင့်ပျက်ခြစားမှုကိစ္စရပ်များ အပါအဝင်ဖြစ်သည်။
- မြန်မာပြည်အရှေ့တောင်ပိုင်းတွင် စီးပွားဖြစ်ဖွံ့ဖြိုးရေးစီမံကိန်းများပိုမိုများပြားလာခြင်းသည် ရွာသားများအား ၎င်းတို့မြေယာများဆုံးရှုံးရမည့်အခြေအနေသို့ တွန်းပို့စေပါသည်။ ရွာသားများမှ ၎င်းတို့မြေယာများအား သိမ်းယူခြင်းခံရမည်ကိုမသိခင်မှာပင် ကုမ္ပဏီများသည် အထက်ရှိအစိုးရဌာနခွဲများသို့ လက်လှမ်းမီရောက်ရှိနိုင်ပြီး မြေယာအသုံးပြုရန် တရားဝင်ခွင့်ပြုချက်များအား ရရှိနိုင်သည်။

သို့သော် မြေယာသိမ်းယူခံရခြင်း သို့မဟုတ် ပျက်စီးဆုံးရှုံးခြင်းမှကာကွယ်ရန် လုပ်ဆောင်ချက်ပုံစံတစ်ခုအဖြစ် မြေယာလုပ်ပိုင်ခွင့်လက်မှတ်များအပေါ် မူတည်၍ အသုံးပြုသောနည်းဗျူဟာသည် ရွာသားများအတွက် အန္တရာယ်များဖြစ်ပေါ်သက်ရောက်စေနိုင်သည်။ ခြုံငုံကြည့်ရမည်ဆိုလျှင် ဤနည်းဗျူဟာသည် ရွာသားများမှ ၎င်းတို့မြေယာပိုင်ဆိုင်မှုထိန်းသိမ်းရန် ကြိုးစားမှုအတွက် လုံလောက်သောတရားဝင်ဥပဒေအရကာကွယ်ပေးမှုတွင် အာမခံချက်မရှိပဲ ယုံကြည်စိတ်ချရမှုလဲမရှိပေ။


ခွင့်ပြုချက်အတွက် မြန်မာအစိုးရနှင့် ညှိနှိုင်းထားခဲ့သောကုမ္ပဏီမှ အကောင်အထည်ဖော်လုပ်ဆောင်သော ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် KNU၏မြေယာလုပ်ပိုင်ခွင့်လက်မှတ်များအား ကိုင်ဆောင်ထားသောရွာသားများမှာ မြေယာသိမ်းယူခံမှုနှင့်ပျက်စီးဆုံးရှုံးခံရမှု၏ အန္တရာယ်များရှိနေသည်။





ဤဓာတ်ပုံနှစ်ပုံမှာ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လတွင် ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှ ကရင်လူ့အခွင့်အရေးအဖွဲ့၏ သတင်းမှတ်တမ်းပြုစုသူတစ်ဦးမှ ရိုက်ကူးထားသောပုံများဖြစ်သည်။ ပုံမှာ ကရင်အမျိုးသားအစည်းအရုံးနှင့် မြန်မာအစိုးရတို့၏မြေဂရမ်များအား ကိုင်ဆောင်ထားသောရွာသားတစ်ဦး၏ပုံဖြစ်သည်။ *[ဓာတ်ပုံ- KHRG]*

## တိုင်ကြားစာများ



သို့
ဦးသိန်းစိန်
သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သမ္မတရုံး၊ ရုံးအမှတ်(၁၈)
နေပြည်တော်

ရက်စွဲ၊ ၂၁ . ၃ . ၂၀၁၅

အကြောင်းအရာ။ ဒေသခံတောင်သူများ၏ မူရင်းလုပ်ကွက်များအား ကောင်းမြန်မာအောင်ကုမ္ပဏီမှ သိမ်းယူသွားခြင်းကိစ္စ

ဤတိုင်ကြားစာကို ကရင်လူ့အခွင့်အရေးအဖွဲ့မှ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလတွင် လက်ခံရရှိခဲ့သည်။ ရွာသားများမှ ဤတိုင်ကြားစာအား အာဏာပိုင်အဆင့်ဆင့်သို့ အတူတကွရေးသားပေးပို့ခဲ့ပြီး ထိုတိုင်ကြားစာအား ကောင်းမြန်မာအောင်ကုမ္ပဏီသို့ပေးပို့ကာငင်းတို့၏စီမံကိန်းအားရပ်တန့်ပေးစေရန်အတွက် ဒေသခံအာဏာပိုင်များကို အကူအညီတောင်းခံခဲ့သည်။ ရွာသားများမှ မြေသိမ်းခံရသူများကိုစာရင်းပြုစုခြင်း၊ ပျက်စီးဆုံးရှုံးသောမြေယာများအား ဓာတ်ပုံရိုက်ယူခြင်းများ ပြုလုပ်ထားခဲ့ပြီး ၎င်းတို့၏မြေပေါ်တွင် စိုက်ထူထားသောဆိုင်းဘုတ်နှင့် ပတ်သက်၍ သတင်းအချက်အလက်များထပ်ပေးရန်အတွက် ထိုတိုင်ကြားစာတွင်တောင်းဆိုခဲ့သည်။ *[ဓာတ်ပုံ- KHRG]*

၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ကရင်လူ့အခွင့်အရေးအဖွဲ့၏ သုံးသပ်ချက်များအရ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် တိုင်ကြားစာများသည် ရွာသားများမှ မြေယာသိမ်းယူမှုများနှင့် အိမ်ခြံမြေပျက်စီးမှုများအား ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းရာတွင် အသုံးပြုသောလုပ်ဆောင်ချက်နည်းဗျူဟာများထဲမှ အများဆုံးအသုံးပြုသည့်နည်းတစ်ခုဖြစ်သည်။ သို့သော် ယေဘုယျအားဖြင့် KNUနှင့်မြန်မာအစိုးရနှစ်ဖက်စလုံးမှ ၎င်းတို့တွင် ထိရောက်သောနစ်နာမှုတိုင်ကြားရေးယန္တရားများမရှိခြင်းကြောင့် ဤစာများမှာ လျစ်လျူရှုခြင်းခံခဲ့ရသည်။ ကိစ္စရပ်အများစုတွင် ဤကဲ့သို့ပြန်လည်တုံ့ပြန်မှုမရှိပဲ ရွာသားများအားစောင့်ဆိုင်းခြင်းသည် အခြားဆက်လုပ်ဆောင်မည့်နည်းလမ်းများအားနှောင့်နှေးစေပြီး တားဆီးကာကွယ်ရန်နည်းလမ်းများကိုလည်း အားနည်းစေပါသည်။

## အဓိကရှာဖွေတွေ့ရှိချက်များ

- ကရင်လူ့အခွင့်အရေးအဖွဲ့မှတွေ့ရှိခဲ့သည်မှာအစီရင်ခံစာကာလအတွင်း ရွာသားများမှ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ဖွံ့ဖြိုးရေးနှင့်ပတ်သက်သောစိုးရိမ်မှုများအား ထိပ်တိုက်ရင်ဆိုင်ရာတွင် အသုံးပြုခဲ့သည့်လုပ်ဆောင်ချက်နည်းဗျူဟာများထဲမှ အများဆုံးဘုံတူညီမှုရှိသောနည်းဗျူဟာတစ်ခုမှာ တိုင်ကြားစာများရေးသားခြင်းနှင့်ပေးပို့ခြင်း ဖြစ်ပါသည်။ ၂၀၁၂ ခုနှစ် ပဏာမအပစ်အခတ်ရပ်စဲရေးမတိုင်မီကာလနှင့်မတူဘဲ သိသာထင်ရှားသည့်ထူးခြားမှုတစ်ခုမှာ ရွာသားများမှ ဆုံးဖြတ်ချက်ချသူများထံသို့ တိုင်ကြားစာများရေးပို့ခြင်းအားဖြင့် ၎င်းတို့အပေါ်ဖြစ်လာနိုင်သောအန္တရာယ်ပြုမှုများမှ လျော့နည်းဟန်ရှိသောနည်းလမ်းအား ပိုမိုအသုံးပြုလာခြင်းပင်ဖြစ်ပါသည်။

- တိုင်ကြားစာများသည် ကျေးလက်ပြည်သူများမှ အသုံးပြုခဲ့သည့် ပြုလွယ်ပြောင်းလွယ်သော လုပ်ဆောင်ချက်နည်းလမ်းများထဲမှ တစ်ခုဖြစ်သည်။ အကြောင်းမှာ ရွာသားများမှ မြေယာသိမ်းယူမှုနှင့် အိမ်ခြံမြေပျက်စီးဆုံးရှုံးမှုတို့အား ကာကွယ်ရန်နှင့် တုံ့ပြန်ရန် နှစ်မျိုးလုံးအတွက် တိုင်ကြားစာအား အသုံးပြုနိုင်ခြင်းကြောင့်ပင်ဖြစ်သည်။
- သို့သော် တိုင်ကြားစာအတော်များများမှာ မတူညီသော ပါဝင်ပတ်သက်လုပ်ဆောင်သူများထံမှ ပြန်လည်တုံ့ပြန်မှု သို့မဟုတ် ရရှိကြောင်း အသိအမှတ်ပြုမှုတစ်စုံတစ်ရာမျှ မရရှိခဲ့ပါ။ အကြောင်းမှာ ထိရောက်သောနစ်နာမှု တိုင်ကြားရေးယန္တရားများ မရှိခြင်းကြောင့် အဆိုပါတိုင်ကြားစာများသည် KNU နှင့် မြန်မာအစိုးရနှစ်ဖက်စလုံးထံမှ မကြာခဏဆိုသလိုပင် လျစ်လျူရှုခြင်းခံခဲ့ရပါသည်။
- သက်ဆိုင်ရာများထံမှပြန်လည်တုံ့ပြန်မှု သို့မဟုတ် ဖြေဆိုမှုများမရရှိခြင်းသည် ဒေသခံများ၏ ဆက်လက်လုပ်ဆောင်ချက်သက်ရောက်မှုများကို လျော့နည်းစေသည်။ အကြောင်းမှာ ၎င်းတို့မှ ပြန်လည်တုံ့ပြန်မှုကိုစောင့်နေချိန်တွင် အခြားနည်းလမ်းများအား ဆက်လက်လုပ်ဆောင်ရန် အချိန်ဆွဲနှောင့်နှေးစေသောကြောင့် ဖြစ်ပါသည်။
- တိုင်ကြားစာများ၏အောင်မြင်မှုရလဒ်ကို မြှင့်တင်သောအခြေအနေတစ်ရပ်မှာ လူထုအခြေပြုအဖွဲ့အစည်းများမှ သက်ဆိုင်ရာပါဝင်ပတ်သက်လုပ်ဆောင်သူများထံသို့ တိုင်ကြားစာများရေးသားမှုနှင့် ပေးပို့မှုလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ခြင်းပင်ဖြစ်သည်။

## ဥပဒေဆိုင်ရာဗဟုသုတနှင့် တရားမျှတမှုရရှိခွင့်

*"ကျွန်မတို့တရားရုံးကို (မြေယာသိမ်းယူမှု) အမှုကိစ္စတစ်ခုတင်ပြခဲ့ချိန်မှာ တရားသူကြီးနဲ့ရဲတွေက ဘာအရေးယူမှုမှမလုပ်ခဲ့ဘူး။ တရားသူကြီးအားလုံးနဲ့ရဲတွေက မြန်မာအစိုးရရဲ့ထိန်းချုပ်မှုအောက်မှာ ရှိနေတယ်။ ကျွန်မတို့က ရဲတွေနဲ့တရားသူကြီးကို အားကိုးလို့မရဘူး။ အဲ့ဒါတွေကြောင့် ဖွံ့ဖြိုးရေးစီမံကိန်းတွေဟာ စီးပွားရေးလုပ်တဲ့ကုမ္ပဏီတွေနဲ့ ချမ်းသာတဲ့သူတွေပဲ အကျိုးအမြတ်ရှိစေတယ်။ ဒါပေမယ့် ရွာသားတွေအတွက်ကတော့ ဘာအကျိုးကျေးဇူးမှမရဘူး။"*

မခ--- (မ)၊ ထားဝယ်အမျိုးသမီးသမဂ္ဂ၊ ထားဝယ်၊ မြိတ်-ထားဝယ်ခရိုင်/တနင်္သာရီတိုင်းဒေသကြီး
(၂၀၁၈ခုနှစ်၊ ဇန်နဝါရီလတွင် တွေ့ဆုံမေးမြန်းခဲ့သည်။)

## အဓိကရှာဖွေတွေ့ရှိချက်များ

- မြန်မာပြည်အရှေ့တောင်ပိုင်းရှိ မြေယာဥပဒေများသည် တိကျရှင်းလင်းမှုမရှိခြင်းနှင့် နားလည်ရန်ခက်ခဲသည်ဟု ရွာသားများမှ ထင်မြင်ယူဆကြသည်။ အောက်ခြေဒေသအဆင့်၌ ဥပဒေအားကျင့်သုံးမှုများသည် ရှေ့နောက်ညီညွတ်ခြင်းမရှိပေ။ ဤသည်မှာ မြေယာဥပဒေအား နားလည်မှုမရှိခြင်းနှင့်အတူ မြေယာပိုင်ဆိုင်မှုနှင့်ပတ်သက်၍ပြောလာသောအခါ ရွာသားအများအပြားအား လုံခြုံမှုမရှိကြောင်းခံစားစေသည်။
- ရပ်ရွာအဆင့်၌ ဥပဒေမူဘောင်လုပ်ငန်းစဉ်များနှင့်ပတ်သက်သော သတင်းအချက်အလက်များ လက်လှမ်းမီနိုင်မှုမရှိသလို ရွာသားများမှ ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် ဖြစ်ပေါ်ခဲ့သော အိမ်ခြံမြေများပျက်စီးမှု၊ မြေယာဆုံးရှုံးမှုနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကိစ္စရပ်များအား မည်သို့စုခံပြောဆိုရမည့် နည်းလမ်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ လက်လှမ်းမီနိုင်မှု နည်းပါးသည်ကို တွေ့ရှိရသည်။
- ငွေကြေးအခက်အခဲသည် ရွာသားများ၏တရားမျှတမှုရရှိနိုင်ခွင့်အား ကြီးမားသောအတားအဆီးများ ဖြစ်စေပါသည်။ မြေသိမ်းယူမှုနှင့် အိမ်ခြံမြေပျက်စီးမှုတို့နှင့်ပတ်သက်သော ဥပဒေဆိုင်ရာအမှုကိစ္စများအတွက် ငွေကြေးကုန်ကျမှုများသည် ရွာသားများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေပါသည်။ အကြောင်းမှာ ရွာသားများသည် ၎င်းတို့၏အသက်မွေးဝမ်းကျောင်းများအတွက် စိုက်ပျိုးရေးနှင့် နေ့စဉ်လုပ်အားခများအပေါ် မှီခိုနေရပြီး ရွာသားအတော်များများသည် ရှေ့နေခနှင့် တရားရုံးသို့သွားသောခရီးစရိတ်များအား ပေးဆောင်ရန် ခက်ခဲစွာရုန်းကန်နေရပါသည်။
- ရွာသားများအနေဖြင့် မြန်မာနိုင်ငံဥပဒေတွင် စနစ်တကျအကျင့်ပျက်ခြစားမှုများ ရှိနေသည်ဟုသိမြင်နားလည်ထားသည်။ ဥပဒေသည် ကုမ္ပဏီများ၊ အစိုးရအရာရှိများနှင့် အခြားဩဇာအာဏာရှိသူများအတွက်သာ အကာအကွယ်ဖြစ်သောကြောင့် ရွာသားများမှ မြန်မာနိုင်ငံ၏ဥပဒေသည် မျှတမှုမရှိသောကျင့်သုံးမှုဖြစ်သည်ဟု နားလည်သဘောပေါက်ထားသည်။

- ရွာသားများသည် ၎င်းတို့၏ ဓလေ့ထုံးတမ်းအရ အဆက်ဆက်လုပ်ကိုင်လာသောမြေယာများပေါ် ယခုအခါ ပုဂ္ဂလိကဖွံ့ဖြိုးရေးစီမံကိန်းများအတွက် ကုမ္ပဏီများ၏တရားစွဲဆိုမှုနှင့် ဖမ်းဆီးခြိမ်းခြောက်မှုများ ခံခဲ့ရသည်။ ဤသို့သော ကြုံတွေ့ရမှုများကြောင့် ရွာသားများအနေဖြင့် ၎င်းတို့၏မြေယာပြဿနာများကို ဥပဒေလမ်းကြောင်းအတိုင်းလုပ်ဆောင်ရန် တွန့်ဆုတ်စေပါသည်။ အကြောင်းမှာ ဥပဒေသည် ၎င်းတို့အားအကာအကွယ်ပေးခြင်းထက် အပြစ်ပေးရန်သာဖြစ်သည်ဟု ထင်မြင်ယူဆကြသောကြောင့်ဖြစ်သည်။
- စီးပွားဖြစ်ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် မြေယာသိမ်းယူမှုများရင်ဆိုင်ရသောရွာသားများမှာ တရားမျှတမှုရရှိရန် ၎င်းတို့၏လုပ်ဆောင်နိုင်စွမ်းများတွင်လည်း ကန့်သတ်မှုများရှိနေသည်။ အကြောင်းမှာ မြန်မာအစိုးရနှင့် စစ်တပ်အပါအဝင် ဩဇာအာဏာလွှမ်းမိုးမှုရှိသူများမှ နောက်ကွယ်တွင်ပါဝင်နေမှုများကြောင့် ၎င်းတို့၏လုံခြုံရေးအတွက် အန္တရာယ်များရှိခြင်းကြောင့်လည်း ဖြစ်သည်။




အထက်ပါပုံအား ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့တွင် ရိုက်ခဲ့သည်။ ပုံတွင် ကရင်လူ့အခွင့်အရေးအဖွဲ့၏ သတင်းမှတ်တမ်းပြုစုသူများနှင့် တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်အတွင်းရှိကုမ္ပဏီ၏ မြေသိမ်းမှုနှင့်ပတ်သက်၍ တရားစွဲဆိုခံထားရသော စောန--- နှင့် စောခဇ---တို့ တွေ့ဆုံစည်းဝေးနေသည့်ပုံဖြစ်သည်။ ဒေသခံရွာသားများ၏ ပြောကြားချက်များအရ မိသားစုတစ်စုထဲတွင် ခင်ပွန်းသည်နှင့် ဇနီးသည်နှစ်ဦးစလုံး ပုဒ်မသုံးခုစီဖြင့် တရားစွဲခံကြရသည်။ တရားစွဲခံရသောရွာသားများ တရားခွင်သို့သွားရောက်သည့်အခါ တရားရုံးသည် ကုမ္ပဏီဘက်သို့ ဘက်လိုက်မှုများရှိနေပါသည်။ ရွာသားများအနေဖြင့် တရားရုံးသို့သွားရသည့်အတွက် စားဝတ်နေရေးအခက်အခဲများနှင့်ကြုံတွေ့ကြရသည်။ မြေယာပြဿနာများအား ကိုင်တွယ်ဖြေရှင်းမှုများပြုလုပ်သည့် ကရင်အမျိုးသားအစည်းအရုံးမှ စောဒအ--- က ကရင်လူ့အခွင့်အရေးအဖွဲ့အနေဖြင့် မည်သို့ကူညီနိုင်ကြောင်းကို မေးမြန်းခဲ့သည်။ *[ဓာတ်ပုံ- KHRG]*

## လွတ်လပ်စွာကြိုတင်အသိပေးခြင်းနှင့် သဘောတူညီမှုရယူခြင်း (FPIC) ၏ အရေးကြီးမှုနှင့်တွေ့ဆုံဆွေးနွေးမှု

လွတ်လပ်စွာကြိုတင်အသိပေးခြင်းနှင့် သဘောတူညီမှုရယူခြင်း (FPIC)၏စည်းမျဉ်းများအရ ပုဂ္ဂလိကကုမ္ပဏီများသည် ဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်မဖော်မီ ဒေသခံပြည်သူများ၏ ခွင့်ပြုချက်သဘောဆန္ဒရယူရန် တွေ့ဆုံဆွေးနွေးသင့်သည်။ အစိုးရအာဏာပိုင်များနှင့်ကုမ္ပဏီများသည် ဖွံ့ဖြိုးရေးစီမံကိန်းနှင့်ပတ်သက်သော အချက်အလက်များပေးခြင်း၊ ညှိနှိုင်းမှုများအတွက်အခွင့်အလမ်းများနှင့် ကြိုတင်အသိပေးမှုများဖြင့် ဆွေးနွေးမှုများလုပ်ဆောင်နိုင်သည်။ ဤစည်းမျဉ်းများအား ကုလသမဂ္ဂဌာနေတိုင်းရင်းသားများ၏အခွင့်အရေးကြေညာစာတမ်း(UNDRIP)မှ သတ်မှတ်ပြဋ္ဌာန်းထားပြီး မြန်မာအစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံးကြား လက်မှတ်ရေးထိုးခဲ့သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီမှုစာချုပ် (NCA) တွင်လည်း ကိုးကားရည်ညွှန်းထားပါသည်။

မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ကုမ္ပဏီများ၊ အစိုးရအာဏာပိုင်များနှင့် ရွာသားများကြားတွင် အဓိပ္ပါယ်ရှိသောတွေ့ဆုံဆွေးနွေးမှုများလုပ်ဆောင်ခြင်းသည် အလွန်ပင်နည်းပါးလှပါသည်။ ရွာသားများနှင့်တွေ့ဆုံဆွေးနွေးမှုအများစုသည် လေးနက်မှုမရှိခြင်း၊ နိုင်ငံတကာစံချိန်စံနှုန်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်ကိုက်ညီမှုမရှိခြင်း သို့မဟုတ် ရွာသားများအားလုံးပါဝင်မှုမရှိသည့်တွေ့ဆုံဆွေးနွေးမှုများဖြစ်ကြသည်။ တွေ့ဆုံဆွေးနွေးမှုများသည် အဓိပ္ပါယ်ပြည့်ဝမှုမရှိခြင်းကြောင့် သက်ဆိုင်ရာပါဝင်လုပ်ဆောင်သူများအားလုံးကြားတွင်ပူးပေါင်းဆောင်ရွက်မှုနှင့်ယုံကြည်မှုကိုထိခိုက်ဆုတ်ယုတ်စေပြီးရေရှည်တည်တံ့သောဖွံ့ဖြိုးရေးဖြစ်ပေါ်ရန်အတွက် အားလုံးပူးပေါင်းပါဝင်မှုလိုအပ်ကြောင်းကို ကရင်လူ့အခွင့်အရေးအဖွဲ့မှ တွေ့ရှိခဲ့ရသည်။

## အဓိကရှာဖွေတွေ့ရှိချက်များ

- ၂၀၁၂ ခုနှစ်မှစ၍ ကရင်လူ့အခွင့်အရေးအဖွဲ့သို့ တင်ပြခဲ့သောဖြစ်ရပ်အများစုမှာ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် စီးပွားဖြစ်ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်မှုမတိုင်မီ ပုဂ္ဂလိကကုမ္ပဏီများနှင့် အစိုးရအာဏာပိုင်များအကြား ဖြစ်ခဲ့သောတွေ့ဆုံဆွေးနွေးမှုဖြစ်စဉ်များတွင် ရွာသားများနှင့် ကျေးရွာကိုယ်စားလှယ်များ ပါဝင်ပတ်သက်ခြင်းမရှိပါ။
- တွေ့ဆုံဆွေးနွေးသောအစည်းအဝေးများသို့ ရွာသားများအားဖိတ်ကြားခဲ့သောအခြေအနေများ၌ ထိုအစည်းအဝေးများမှာ


ယေဘုယျအားဖြင့် ရွာသားများလက်လမ်းမမှီနိုင်သောအချိန်များ သို့မဟုတ် ဝေးလံသောနေရာများတွင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

- တွေ့ဆုံဆွေးနွေးမှုအစည်းအဝေးများတွင် ရွာသားများမှပါဝင်ပတ်သက်မှုခြင်းမရှိခြင်းကြောင့် ဆုံးဖြတ်ချက်ချသူများအား ဆက်သွယ်ခြင်းနှင့် စီးပွားဖြစ်ဖွံ့ဖြိုးရေးစီမံကိန်းများနှင့်ပတ်သက်သော သတင်းအချက်အလက်များအားရရှိရန် အဆင့်ဆင့် လုပ်ဆောင်ခဲ့ရသည်။ တွေ့ဆုံဆွေးနွေးမှုအစည်းအဝေးများတွင် ပါဝင်ပတ်သက်မှုမရှိခြင်းသည် ရွာသားများအတွက် ဖွံ့ဖြိုးရေးစီမံကိန်းများ၏ အကျိုးရလဒ်များကို ဆွေးနွေးညှိနှိုင်းရန်ခက်ခဲစေပါသည်။
- ရွာသားများသည် သိမ်းဆည်းခံမြေများပြန်လည်တောင်းဆိုရန် ဆွေးနွေးညှိနှိုင်းမှုများတွင်ပါဝင်ရန် ကြိုးစားခဲ့ရာတွင် ကုမ္ပဏီကိုယ်စားလှယ်များနှင့် အစိုးရအာဏာပိုင်များသည် အစည်းအဝေးမှရှောင်ခွါသွားကြပြီး ထိုသို့ပြုလုပ်ခြင်းများကြောင့် ရွာသားများပါဝင်နိုင်အောင်ကြိုးစားရာတွင် ပိုမိုခက်ခဲလာစေခဲ့သည်ဟု ကရင်လူ့အခွင့်အရေးအဖွဲ့မှ တွေ့ရှိရသည်။

> *"သူတို့ဘာစီမံကိန်းပဲလုပ်လုပ် နိုင်ငံတကာစံချိန်စံနှုန်းနဲ့အညီ စီမံကိန်းတွေကိုလုပ်ဆောင်သင့်တယ်။ စီမံကိန်းကို အကောင်အထည်ဖော်တဲ့နေရာမှာလည်း ဥပဒေတွေနဲ့အညီ ဖြစ်သင့်တယ်။ ပြီးတော့ ဥပဒေရဲ့အထက်မှာမရှိသင့်ဘူး။"*
>
> စောဟ--- (ကျား)၊ ကရင်လူ့အခွင့်အရေးအဖွဲ့၏ သတင်းမှတ်တမ်းပြုစုသူ၊ သံတောင်ကြီးမြို့နယ်၊ တောင်ငူခရိုင်/ ကရင်ပြည်နယ်မြောက်ပိုင်း (၂၀၁၇ခုနှစ်၊ နိုဝင်ဘာလတွင် တွေ့ဆုံမေးမြန်းခဲ့သည်။)




အထက်ပါဓာတ်ပုံအား ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် မြိတ်-ထားဝယ်ခရိုင်၊ လယ်မူလားမြို့နယ်၊ တနင်္သာရီမြို့၊ တနင်္သာရီခန်းမတွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။ ပုံမှာ GMS စွမ်းအင်ကုမ္ပဏီမှ တနင်္သာရီမြစ်ပေါ်တွင် ဆောက်လုပ်မည့် ရေကာတာအတွက် ညှိနှိုင်းဆွေးနွေးမှုတစ်ရပ်ပြုလုပ်ခြင်းဖြစ်သည်။ ထိုညှိနှိုင်းမှုအစည်းအဝေးတွင် ရွာသားများမှ ထိုစီမံကိန်းအားသဘောမတူကြောင်းကို တင်ပြခဲ့ကြပြီး 'တနင်္သာရီမြစ်အားမဖျက်ဆီးပါနဲ့။' 'ရေကာတာအလိုမရှိ' ဟူသော ဆိုင်းဘုတ်များကိုင်၍စီမံကိန်းအားဆန္ဒပြခဲ့ကြသည်။ *[ဓာတ်ပုံ- ရွာသားတစ်ဦး]*




ဤပုံကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့၌ မြိတ်-ထားဝယ်ခရိုင်၊ တနင်္သာရီမြို့နယ်၊ ဘအ---ကျေးရွာတွင် ရိုက်ယူခဲ့သည်။ ပုံ၏ညာဘက်အခြမ်းမှ ဒေသခံရွာသားဖြစ်သော စောအဇ---၏ မြေပေါ်တွင် ဆောက်လုပ်ရေးလုပ်သားများမှ လမ်းဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ဆောက်လုပ်ရေးလုပ်သားများမှ ထိုရွာသား၏မြေပေါ်တွင် မြေစာပုံခြင်း၊ကျောက်ပုံခြင်းများကြောင့် ရွာသား၏သီဟိုဠ်ပင် ၃၀၀ နှင့် ရာဘာပင် ၅၀၀ အား ပျက်စီးစေခဲ့သည့်အတွက် စောအဇ---၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို ခြိမ်းခြောက်လျက်ရှိသည်။ *[ဓာတ်ပုံ- KHRG]*




ဤပုံကို ကရင်လူ့အခွင့်အရေးအဖွဲ့၏ သတင်းမှတ်တမ်းပြုစုသူတစ်ဦးမှ ရွာသားတစ်ဦးဖြစ်သူ စောဘအ--- အား တွေ့ဆုံမေးမြန်းခဲ့ချိန် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့၌ မြိတ်-ထားဝယ်ခရိုင်၊ တနင်္သာရီမြို့နယ်၊ ဘအ--- ကျေးရွာတွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။ စောအဇ--- မှ မြန်မာအစိုးရ၏လမ်းဖောက်လုပ်မှုကြောင့် အထက်ပုံတွင် ဖော်ပြထားသည့်အတိုင်း ၎င်း၏မြေနှင့် အပင်များပျက်စီးဆုံးရှုံးစေမှုများနှင့်ပတ်သက်ပြီးကရင်လူ့အခွင့်အရေးအဖွဲ့သို့ တင်ပြခဲ့သည်။ *[ဓာတ်ပုံ- KHRG]*

# လျော်ကြေးငွေ

*“သူတို့ပေးမယ့်ဒီငွေလေးနဲ့ဆို ကျွန်တော်တို့နှစ်လလောက်ပဲ စားလို့ရမှာ။ ဒါပေမယ့် သူတို့အတွက်ကတော့ ဒီတောင်ကရလာမယ့်ငွေနဲ့ နှစ်တစ်ရာလောက် ထိုင်စားလို့ရတယ်။ ကျွန်တော်ပြောချင်တာက သူတို့ပေးမယ့်ငွေက ကျွန်တော်တို့အတွက် ဘာမှမဟုတ်ဘူး။ သူတို့ ပေးတဲ့ငွေနဲ့ ကျွန်တော်တို့ရပ်တည်လို့မရဘူး။ သူတို့တွေ ကျွန်တော့်ကို ငွေ ၁၀ သိန်းလောက် ပေးခဲ့ရင်တောင် ကျွန်တော်ဒီတောင်နဲ့ မလဲနိုင်ဘူး။ ကျွန်တော်တို့ဘဝအသေက်ရှင်သန်မှုကို ငွေ ၁၀ သိန်းနဲ့ နှစ်တစ်ရာလောက် ထောက်ပံ့နိုင်မှာမဟုတ်ဘူး။ တခြားသူတွေ ဘာလို့သဘောတူလည်း ကျွန်တော်မသိပေမယ့် ကျွန်တော့်အနေနဲ့ကတော့ ဒီတောင်ကိုမရောင်းချင်ဘူး။”*

ဦးဘခ--- (ကျား၊ ၅၈ နှစ်)၊ ဘရ--- ကျေးရွာ၊ ပိန္နဲတော ကျေးရွာအုပ်စု၊ သထုံမြို့နယ်၊
သထုံခရိုင်/မွန်ပြည်နယ်မြောက်ပိုင်း (၂၀၁၅ခုနှစ်၊ မေလတွင် တွေ့ဆုံမေးမြန်းခဲ့သည်။)

ရွာသားများအနေဖြင့် ကုမ္ပဏီများနှင့် အစိုးရအာဏာပိုင်များအား ၎င်းတို့၏ထိခိုက်ပျက်စီးမှုများကိုဖြေရှင်းပေးရန်အတွက် နည်းလမ်းမျိုးစုံသုံး၍ ဖိအားပေးမှုများပြုလုပ်ခဲ့သော်လည်း ကရင်လူ့အခွင့်အရေးအဖွဲ့၏ သတင်းမှတ်တမ်းပြုစုသည့်ကာလတစ်လျှောက်တွင် စီးပွားဖြစ်ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့်ဖြစ်ပေါ်သောမြေယာသိမ်းယူမှုများနှင့် မြေယာပျက်စီးဆုံးရှုံးမှုများအတွက် ရွာသားများသည် လျော်ကြေးငွေရရှိရန် အင်မတန်အခွင့်အလမ်းနည်းပါးပါသည်။ ကုမ္ပဏီများမှ ရွာသားများနှင့်ပူးပေါင်းပြီး လျော်ကြေးငွေပေးအပ်ရန် လုပ်ဆောင်ခြင်းနှင့်ပတ်သက်၍ ကရင်လူ့အခွင့်အရေးအဖွဲ့အနေနှင့် သတင်းအချက်အလက်များ လက်ခံရရှိသော်လည်း ဤသို့လုပ်ဆောင်ခြင်းသည် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ရှားပါးဖြစ်စဉ်တစ်ခုဖြစ်ပါသည်။

# အဓိကရှာဖွေတွေ့ရှိချက်များ

- ကရင်လူ့အခွင့်အရေးအဖွဲ့သို့ သတင်းအချက်အလက်များတင်ပြခဲ့သော မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရွာသားအများစုသည် ၂၀၁၅ ခုနှစ်မှစတင်ကာ စီးပွားဖြစ်ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် ဖြစ်ပေါ်လာသောမြေယာသိမ်းယူမှုများနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးမှုများအတွက် မည်သည့်လျော်ကြေး၊ နစ်နာကြေးများမရရှိပေ။
- ပုဂ္ဂလိကကုမ္ပဏီများနှင့် အစိုးရအာဏာပိုင်များအနေဖြင့် လမ်းဆောက်လုပ်ရေးစီမံကိန်းများလုပ်ဆောင်ရာတွင် ထိခိုက်နစ်နာသောရွာသားများအား လျော်ကြေးငွေများပေးလေ့ပေးထမရှိပါ။
- မြေယာဆုံးရှုံးမှုများအတွက် ရွာသားများအား လျော်ကြေးငွေပေးအပ်ရာတွင်လည်း ထိုလျော်ကြေးငွေများမှာ မျှတမှုမရှိသော သို့မဟုတ် လုံလောက်မှုမရှိသော လျော်ကြေးငွေများဖြစ်သည်ဟု ရွာသားများမှ သိရှိခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့ငွေကြေးဖြင့်အလျော်ပေးခြင်းသည် ၎င်းတို့ဘိုးဘွားပိုင်မြေများနှင့် ရေရှည်အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်များအား ပြန်လည်ကုစားမှုမပေးနိုင်သည်ကို ခံစားကြရသည့်အတွက်ကြောင့်ဖြစ်သည်။ မြေယာသိမ်းခံရသည့်အခါ ရွာသားအများစုမှာ ကုမ္ပဏီမှပေးအပ်သည့်လျော်ကြေးငွေအစား ၎င်းတို့မြေကိုသာ ပြန်လည်ရယူလိုကြသည်။
- ကုမ္ပဏီများမှ လျော်ကြေးငွေပေးသည့်အခါများတွင်လည်း ရွာသားများအနေဖြင့် ကုမ္ပဏီမှချမှတ်ထားသောလျော်ကြေးငွေပမာဏကိုသာ အတင်းအကျပ်လက်ခံခဲ့ကြရသည်။
- စီးပွားဖြစ်ဖွံ့ဖြိုးမှုစီမံကိန်းအများစုတွင် ရွာသားများအနေဖြင့် လျော်ကြေးငွေတောင်းခံရန်အတွက် တရားဝင်သတ်မှတ်ထားသော နစ်နာမှုတိုင်းကြားခြင်းယန္တယားများအား မည်သို့ချဉ်းကပ်ရမည်ကိုလည်း မသိကြပေ။
- အချို့သောဖြစ်ရပ်များတွင် စီးပွားရေးလုပ်ငန်းရှင်များမှ ရွာသားများအားဆုံးရှုံးသွားသောမြေယာများ သို့မဟုတ် ပျက်စီးမှုများအတွက် လျော်ကြေးငွေရရှိမည်ဟုယုံကြည်အောင်လုပ်ဆောင်ခဲ့သော်လည်း လုံလောက်သည့်လျော်ကြေးငွေပေးအပ်ရန်အတွက် ပျက်ကွက်ခဲ့ကြသည်။
- စီးပွားဖြစ်ဖွံ့ဖြိုးရေးစီမံကိန်းနှင့်ပတ်သက်၍ မြေယာဆုံးရှုံးမှုနှင့် မြေယာပျက်စီးမှုများအတွက် ကျေးရွာအဆင့်တွင် လျော်ကြေးငွေများပေးအပ်သည့်အခါတွင်လည်း ပွင့်လင်းမြင်သာမှုမရှိပဲ သင့်တော်သလိုပေးသည့်အတွက် ဒေသခံများအနေဖြင့်တရားမျှတမှု၊ တန်းတူညီမျှမှုမရှိသကဲ့သို့ ခံစားကြရသည်။ ဒေသခံများအနေဖြင့် အဘယ်ကြောင့် မတူညီသည့်လျော်ကြေးငွေများ ရရှိကြရသည်ကိုပဲ ရွာသားများမှ နားမလည်နိုင်ဖြစ်ခဲ့ကြသည်။

# ဆန္ဒပြခြင်းနှင့် ထိပ်တိုက်ရင်ဆိုင်ခြင်း

ဤအစီရင်ခံစာရေးသားပြုစုသည့်ကာလအတွင်း ရွာသားများမှ မြေယာသိမ်းဆည်းခြင်းများနှင့် ပျက်စီးဆုံးရှုံးမှုများအတွက် ဆန္ဒပြပွဲများနှင့် ဆုတောင်းပွဲအခမ်းအနားများလည်း ပြုလုပ်ဆောင်ရွက်ခဲ့သည်။ ထို့အပြင် ရွာသားများသည် ၎င်းတို့၏မြေများအား ဆုံးရှုံးရမည့်အခြေအနေ သို့မဟုတ် မြေသိမ်းခံရသည့်အခြေအနေများတွင် ၎င်းတို့၏မြေနေရာများအား ခြံစည်းရိုးခတ်ခြင်း၊ ဆိုင်းဘုတ်ထောင်ခြင်း၊ အဆောက်အဦးများဆောက်လုပ်ခြင်းနှင့် လမ်းပိတ်ခြင်းများကိုလည်း ပြုလုပ်ဆောင်ရွက်ခဲ့သည်။ သို့သော် ရွာသားများအနေဖြင့် ၎င်းတို့မြေယာများကို စီးပွားရေးလုပ်ငန်းရှင်များသိမ်းယူမှုမှကာကွယ်ရန် ဤနည်းဗျူဟာများကို အသုံးပြုရာတွင် အတားအဆီးကန့်သတ်မှုများရှိနေသည်ဟု ထင်မြင်ကြသည်။

# အဓိကရှာဖွေတွေ့ရှိချက်များ

- ဤအစီရင်ခံစာရေးသားသည့်ကာလတစ်လျှောက်လုံးတွင် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရွာသားများအနေဖြင့် မြေယာအခွင့်အရေးများတောင်းဆိုရာနှင့် ဆန္ဒထုတ်ဖော်မှုပုံစံမျိုးမျိုးကို စီစဉ်လုပ်ဆောင်ရာတွင် ယုံကြည်မှုပိုမိုရှိလာသည်ကို ပြသနိုင်ကြောင်း တွေ့ရှိရသည်။
- မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရွာသားများသည် မြေယာသိမ်းဆည်းမှုများဖြစ်ပေါ်စေသော စီးပွားဖြစ်ဖွံ့ဖြိုးရေးစီမံကိန်းများအားဆန့်ကျင်၍ ဆန္ဒပြပွဲများပြုလုပ်လေ့ရှိသည်။ အကြောင်းမှာ မြေသိမ်းမှုကြောင့်ရွာသားများ၏ ရေရှည်အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် ဘိုးဘွားပိုင်မြေယာများအားလုပ်ကိုင်ရာတွင် ထိခိုက်မှုများရှိနေခြင်းဖြစ်သည်။
- ကရင်လူ့အခွင့်အရေးအဖွဲ့၏အစီရင်ခံစာများအရ ရွာသားများသည် အစိုးရအာဏာပိုင်များနှင့် ပုဂ္ဂလိကကုမ္ပဏီများ၏ အရေးစိုက်မှုကိုရယူနိုင်ရန်အတွက် တိုင်ကြားစာများရေးသားပေးပို့ခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်းနှင့် သတင်းအချက်အလက်စုဆောင်းခြင်း စသည့်နည်းလမ်းများကိုအသုံးပြုရာ၌ ထိရောက်မှုမရှိသောကြောင့် ဆန္ဒပြခြင်းကို ပိုမိုလုပ်ဆောင်လေ့ရှိသည်။
- ရွာသားများသည် ဆန္ဒပြပွဲများပါဝင်လုပ်ဆောင်ရန်အတွက် အစိုးရအာဏာပိုင်များ၏ခွင့်ပြုချက်ရယူရခြင်းအပြင် ၎င်းတို့မြေယာများအား ထိန်းသိမ်းကာကွယ်ရန် စီးပွားဖြစ်ဖွံ့ဖြိုးရေးစီမံကိန်းများအား ဆန္ဒပြရာတွင်လည်း အသိပညာများအားနည်းခြင်းတို့ကြောင့် ဆန္ဒပြရန်စီစဉ်လုပ်ဆောင်သည့်အခါ ရွာသားများအနေဖြင့် အခက်အခဲစိန်ခေါ်မှုများနှင့် ကြုံတွေ့ရသည်ဟု ကရင်လူ့အခွင့်အရေးအဖွဲ့မှ လေ့လာတွေ့ရှိရသည်။





ဤပုံများကို ၂၀၁၅ ခုနှစ်၊ ဖွန်လ ၅ ရက်နေ့က ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်တွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။ ဘယ်ဘက်မှပုံများသည် ဆုတောင်းပွဲတော်အတွင်း ရွာသားများကိုရိုက်ကူးထားခြင်းဖြစ်သည်။ ကျောက်ကြီးမြို့နယ်မှ ဒေသခံရွာသား (၁၅၀) ကျော်သည် ၎င်းတို့နယ်မြေအတွင်း သတ္တုမိုင်းစီမံကိန်းကိုကန့်ကွက်သောဆုတောင်းဆန္ဒပြပွဲကို အတူတကွပြုလုပ်ခဲ့ကြသည်။ ရတနာစိုင်းကောင်းမြတ်ကုမ္ပဏီသည် ကရင်အမျိုးသားအစည်းအရုံးထံမှ သတ္တုမိုင်းအတွက် ခွင့်ပြုချက်မရခင် ရွာသားများနှင့်အသိပေးဆွေးနွေးမှုပြုလုပ်ခြင်းမရှိခဲ့ပါ။ ညာဘက်မှပုံမှာ ဒေသခံရွာသားများ ဆုတောင်းပွဲအတွင်း ကျောက်တုံးများပေါ်တွင် သူတို့၏နာမည်များကိုရေး၍ ကျောက်တုံးများကိုစုပုံထားသောပုံဖြစ်သည်။ *[ဓာတ်ပုံ- KHRG]*

# လူထုထောက်ခံမှု

*"ဒေသခံရွာသားတွေက လူအယောက် ၃၀ နဲ့ သူတို့ဘာသာကော်မတီတစ်ရပ် ဖွဲ့စည်းခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကုမ္ပဏီတွေကတူးဖော်ရေးလုပ်ငန်းစဉ်နဲ့ပတ်သက်ပြီး ကြိုတင်ဆွေးနွေးတာတွေ၊ တွေ့ဆုံဆွေးနွေးတာတွေမလုပ်ခဲ့ဘူး။ စစ်တောင်းသံစဉ် လူမှုရေးကွန်ယက်ကကော်မတီအတွက် (ကုမ္ပဏီများနှင့် ပါဝင်ပတ်သက်သူများအကြား မိုင်းတူးဖော်ရေးကိစ္စကိုကိုင်တွယ်ရန်) ဖြစ်စဉ်ကို ဦးဆောင်နေတယ်။"*

ကရင်လူ့အခွင့်အရေးအဖွဲ့၏သတင်းမှတ်တမ်းပြုစုသူမှ ရေးသားခဲ့သောနောက်ဆုံးရအခြေအနေတင်ပြချက်၊ ကျောက်ကြီးမြို့နယ်၊ ညောင်လေးပင်ခရိုင်/ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း (၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလတွင် ရရှိခဲ့သည်။)


မြန်မာပြည်အရှေ့တောင်ပိုင်းတစ်လျှောက်မှ ရွာသားများသည် ၎င်းတို့အနေဖြင့် တစ်ဦးချင်းထက် အဖွဲ့လိုက်အဖြစ်ကုမ္ပဏီများနှင့် အစိုးရအာဏာပိုင်များအား ရင်ဆိုင်ရန်ပိုမိုအဆင်ပြေပြီး အကျိုးရှိသည်ကို မကြာခဏတင်ပြခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ဒေသအဆင့်တွင်ဖွံ့ဖြိုးရေးမှာ ဒေသခံများအားလုံးကိုသက်ရောက်မှုရှိကြောင်းနားလည်ပြီး မြေအများအပြားနှင့် ဘေးပတ်လည်သဘာဝသယံဇာတအရင်းအမြစ်များမှာလည်း စုပေါင်းအသုံးပြုကြခြင်း၊ ကာကွယ်ကြခြင်းနှင့် ပိုင်ဆိုင်ခြင်းအဖြစ်ခံယူနားလည်ထားခဲ့သည်။

## အဓိကရှာဖွေတွေ့ရှိချက်များ

- ကျေးလက်နေပြည်သူများမှ ၎င်းတို့မြေယာအခွင့်အရေးများအတွက် ခုခံစည်းရုံးလှုံ့ဆော်နိုင်စွမ်းနှင့် စီးပွားဖြစ်ဖွံ့ဖြိုးရေးစီမံကိန်းများ၏ဆိုးကျိုးသက်ရောက်မှုများကို ပြန်လည်ချေပခဲ့မှုများပြုလုပ်ရန် လူထုထောက်ခံမှုမှ အထောက်အပံ့ပေးခဲ့သည်ကို ကရင်လူ့အခွင့်အရေးအဖွဲ့မှတွေ့ရှိခဲ့သည်။
- ရွာသားများမှ ၎င်းတို့ဒေသများတွင် ကုမ္ပဏီမှလုပ်ဆောင်မှုများကို ထိပ်တိုက်ရင်ဆိုင်ရန် ကျေးရွာအဆင့်ကော်မတီအဖွဲ့များဖွဲ့စည်းခဲ့သည်ကို ကရင်လူ့အခွင့်အရေးအဖွဲ့မှတွေ့ရှိရသည်။ တစ်ဦးချင်းလုပ်ဆောင်သည်ထက် အဖွဲ့လိုက်လုပ်ဆောင်မှုများက ပိုမိုအဆင်ပြေရှိသည်ကိုတွေ့ရှိခဲ့ကြောင်း တင်ပြခဲ့သည်။
- ၂၀၁၂ ခုနှစ် ပဏာမအပစ်အခတ်ရပ်စဲရေးကာလနှင့်နှိုင်းယှဉ်လျှင် ရွာသားများသည် ၎င်းတို့၏အခွင့်အရေးများအတွက် ခုခံစည်းရုံးလှုံ့ဆော်ရန် ကျေးရွာကော်မတီများ ပိုမိုဖွဲ့စည်းလာပုံရှိသည်။



ဤပုံကို တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်တွင် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့က ရိုက်ယူခဲ့ခြင်းဖြစ်သည်။ ပုံမှာ ဒို့မြေကွန်ရက်၊ ကရင်သဘာဝ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာလှုပ်ရှားမှုကွန်ရက်နှင့် ကရင်လူ့အခွင့်အရေးအဖွဲ့တို့ပူးပေါင်းပြီး စယ--- ဒေသတွင် လုပ်ဆောင်ခဲ့သောဆွေးနွေးပွဲဖြစ်သည်။ ပုံတွင် ဒေသခံလူမှုအသိုက်အဝန်းနှင့် လူထုအခြေပြုအဖွဲ့အစည်းများမှအဖွဲ့ဝင်များ၏ပုံဖြစ်သည်။ ထိုဆွေးနွေးပွဲသို့တက်ရောက်သူဦးရေ ၂၁၀ ဦးခန့်ရှိသည်။ ထိုဆွေးနွေးပွဲတွင် မြေယာဥပဒေအား အဓိကထားဆွေးနွေးပြီး မြန်မာအစိုးရ၏မြေသိမ်းဥပဒေကြမ်း၊ လယ်ယာမြေဥပဒေ၊ မြေလွတ်မြေလပ်မြေရိုင်းစီမံခန့်ခွဲမှုဥပဒေများအား တောင်ငူနှင့်သံတောင်မြို့များမှ ရွာသားများအားရှင်းလင်းတင်ပြခြင်းများ လုပ်ဆောင်ခဲ့သည်။ *[ဓာတ်ပုံ- KHRG]*




## အကြံပြုချက်များ

အောက်ပါအကြံပြုချက်များသည် ၂၀၁၅မှ ၂၀၁၈ခုနှစ်ထိကရင်လူ့အခွင့်အရေးအဖွဲ့မှစုစည်းထားသည့်ရွာသားများ၏မြေယာနှင့်ဖွံ့ဖြိုးရေးအပေါ် သဘောထားအမြင်များဖြစ်သည်။ ကရင်လူ့အခွင့်အရေးအဖွဲ့မှ အကြံပြုချက်များအား ရွာသားများ၏လိုအပ်ချက်များနှင့် သဘောထားအသံများကို ပထမနေရာတွင်အဓိကထားကာ စီစဉ်ထည့်သွင်းထားသည်။ ဤအကြံပြုချက်အခန်းတွင် ကွင်းဆင်းသုတေသနပြုလုပ်ခြင်း၊ ဒေသတွင်းအခြေအနေများကို သေချာစွာပြောပြပေးနိုင်သောအရပ်ဘက်အဖွဲ့အစည်းခေါင်းဆောင်များအား တွေ့ဆုံမေးမြန်းခြင်း၊ ကရင်လူ့အခွင့်အရေးအဖွဲ့၏ ကွင်းဆင်းလုပ်သားများနှင့်စည်းရုံးလှုံ့ဆော်ရေးအဖွဲ့သားများထံမှ အကြံပြုချက်များပါဝင်ပါသည်။

## မြန်မာအစိုးရ နှင့်/သို့မဟုတ် ကရင်အမျိုးသားအစည်းအရုံးသို့အကြံပြုချက်များ

- မြေယာမှတ်ပုံတင်ခြင်းစနစ်အား လက်လှမ်းမှီနိုင်မှုပိုမိုရှိစေရန် မြန်မာအစိုးရ၊ ကရင်အမျိုးသားအစည်းအရုံးနှင့် ဒေသတွင်းအာဏာပိုင်များမှ အောက်ပါအချက်များအား လုပ်ဆောင်သင့်သည်။

  က)တရားဝင်နှင့်ဓလေ့ထုံးတမ်းမြေယာပိုင်ဆိုင်သူများအခွင့်အရေးအားကာကွယ်ရန်နှစ်ဖက်လုံး၏မြေသိမ်းယူမှုစနစ်အားသဟဇာတဖြစ်စေကာ ဥပဒေပြုဆောင်ရွက်ရန်။

ခ) မြေယာမှတ်ပုံတင်လျှောက်ထားသည့်ဖြစ်စဉ်၌ ပွင့်လင်းမြင်သာမှုပိုမိုရှိစေရန်နှင့် မြေယာတိုင်းတာခြင်းနှင့် မြေယာမှတ်ပုံတင်ထုတ်ပေးခြင်းတို့အတွက် စီမံခန့်ခွဲမှုစနစ်များမှတာဝန်ယူမှုရှိစေရန် လိုအပ်သည့်အထောက်အထားစာရွက်စာတမ်းများအား ကြိုတင်အသိပေးမှုအား မြှင့်တင်ပေးခြင်း။

- တရားမျှတမှုရရှိစေရန်မြန်မာအစိုးရ၊ ကရင်အမျိုးသားအစည်းအရုံးနှင့် ဒေသတွင်းအာဏာပိုင်များမှ အောက်ပါအချက်များကို ဆောင်ရွက်သင့်သည်။

 က) ကွဲပြားသောတိုင်းရင်းသားလူမျိုးစုများ၏ အခွင့်အရေးများအားလေးစားပြီး ဘက်လိုက်မှုမရှိပဲ ဒေသခံပြည်သူများအပေါ် တန်းတူညီမျှမှုရှိသည့် ဥပဒေထားရှိရန်။

ခ) မြေယာသိမ်းယူခြင်းနှင့် အိုးအိမ်ပစ္စည်းများပျက်စီးဆုံးရှုံးမှုနှင့်ဆက်စပ်၍ စောင့်ကြည့်လေ့လာခြင်းနှင့် အငြင်းပွားမှုဖြေရှင်းခြင်းအတွက် လျှင်မြန်စွာတုံ့ပြန်ဖြေရှင်းပေးနိုင်ရန်၊ အစိုးရအစုအဖွဲ့များ၏ စွမ်းဆောင်ရည်အားမြှင့်တင်ရန်။

ဂ) မြန်မာနိုင်ငံအမျိုးသားမြေအသုံးချမှုမူဝါဒ၊ ကရင်အမျိုးသားအစည်းအရုံးမြေယာမူဝါဒနှင့် ၂၀၁၅ သဘာဝပတ်ဝန်းကျင်သက်ရောက်မှုဆန်းစစ်ချက်လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ရာတွင် ပိုမိုအားကောင်းလာစေရန်၊ စီမံကိန်းများ၏လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများနှင့်ပတ်သက်သော သတင်းအချက်အလက်ရရှိမှုတိုးမြှင့်ရန်။

- ဒေသတွင်းတိုင်ကြားမှုနှင့် စီရင်ဆုံးဖြတ်သည့်အစုအဖွဲ့များအပါအဝင် နစ်နာမှုဖြေရှင်းရေးယန္တရားများသို့ ဒေသခံပြည်သူများ လက်လှမ်းမီရရှိနိုင်မှုအား မြှင့်တင်ရန်အတွက် မြန်မာအစိုးရမှ အောက်ပါအချက်များကိုဆောင်ရွက်သင့်သည်။

က) မြေယာအငြင်းပွားမှုဖြေရှင်းရေးယန္တရားများသည် လူထုအခြေပြုရမည်ဖြစ်ပြီး ဓလေ့ထုံးတမ်းကျင့်သုံးသည့်ဖြေရှင်းရေး ယန္တရားဖြစ်ရပါမည်။

ခ) အငြင်းပွားမှုဖြေရှင်းရန် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အား လုပ်ပိုင်ခွင့်နှင့် လိုအပ်သည့်နည်းပညာများအားပံ့ပိုးမှုပေးခြင်းအားဖြင့် ၎င်းတို့အား ပဲရစ်အခြေခံစည်းမျဉ်းများနှင့်တစ်ပြေးညီ လက်တွဲ၍ ဆောင်သင့်ပါသည်။

ဂ) လယ်ယာမြေနှင့်အခြားမြေများ သိမ်းစည်းခံရမှုများပြန်လည်စိစစ်ဆေးရေးဗဟိုကော်မတီ၏ ဆောင်ရွက်ချက်များအား မြှင့်တင်ရန်အတွက်-

၁။ ပြည်သူများမှ ကော်မတီအားမည်သို့တိုင်ကြားနိုင်မည်ကိုသိရှိစေရန် လူထုပညာပေးလှုံ့ဆော်မှုများဆောင်ရွက်ခြင်း။

၂။ ကော်မတီမှ တိုင်ကြားသူများသို့ နောက်ဆုံးအခြေအနေတင်ပြမှုကို ပုံမှန်နှင့်အချိန်မှီဖြစ်စေရန် သေချာစွာလုပ်ဆောင်စေခြင်း။

၃။ မျှတပြီးတန်းတူညီမျှသည့် စုံစမ်းစစ်ဆေးမှုများအားဆောင်ရွက်နိုင်ရန် ကော်မတီ၏စွမ်းရည်အား မြှင့်တင်ခြင်း။

၄။ ရည်ရွယ်ထားသကဲ့သို့ တိုင်း/ပြည်နယ်အဆင့် မြေယာသိမ်းယူမှုကိစ္စရပ်များအား ကျေအေးမှုရှိသည်အထိ ဖြေရှင်းပေးရန် သေချာစွာလုပ်ဆောင်စေခြင်း။

- ဒေသတွင်းတိုင်ကြားမှုနှင့် စီရင်ဆုံးဖြတ်သည့်အစုအဖွဲ့များအပါအဝင် နစ်နာမှုဖြေရှင်းရေးယန္တရားများသို့ ဒေသခံပြည်သူများ လက်လှမ်းမီရရှိနိုင်မှုအားမြှင့်တင်ရန် ကရင်အမျိုးသားအစည်းအရုံးအနေဖြင့် အောက်ပါအချက်များကို လုပ်ဆောင်သင့်သည်။

က) ၎င်းတို့ဖွဲ့စည်းခဲ့သော လူ့အခွင့်အရေးကော်မတီအား ပိုမိုမြန်ဆန်စွာတုံ့ပြန်မှုပေးနိုင်သည့်လမ်းကြောင်းဖြစ်အောင် ဖော်ဆောင်သင့်သည်။

ခ) ကရင်အမျိုးသားအစည်းအရုံးလူ့အခွင့်အရေးကော်မတီအား ပဲရစ်အခြေခံစည်းမျဉ်းများနှင့်အညီ ဖွဲ့စည်းထားခြင်းဖြစ်မဖြစ် သေချာစွာလုပ်ဆောင်သင့်သည်။

ဂ) ကရင်အမျိုးသားအစည်းအရုံးလူ့အခွင့်အရေးကော်မရှင်သို့ တိုင်ကြားစာများမည်သို့ပေးပို့နိုင်သည်ကို ဒေသခံပြည်သူများသိရှိစေရန် လူထုပညာပေးလှုံ့ဆော်မှုများဆောင်ရွက်သင့်သည်။

- မြေယာလုပ်ပိုင်ခွင့်လုံခြုံမှုရှိစေရန် မြန်မာအစိုးရမှ အောက်ပါအချက်များအား လုပ်ဆောင်သင့်သည်။

က) အမျိုးသားမြေအသုံးချမှုကောင်စီအား ၎င်းတို့၏လုပ်ငန်းတာဝန်တစ်ခုဖြစ်သည့် မြေယာဥပဒေပြင်ဆင်ရေးဆွဲမှုကို ဆက်လက်လုပ်ဆောင်ခွင့်ပြုသင့်ပြီး ၂၀၁၇ ခုနှစ်မြေသိမ်းဥပဒေကြမ်းအား ရုပ်သိမ်းသင့်သည်။ လက်ရှိပြင်ဆင်မှုများတွင် မြေသိမ်းဥပဒေသည် လယ်သမားများနှင့် ကျေးလက်ဒေသခံများအား ထိခိုက်နစ်နာမှုဖြစ်စေနိုင်သည်။

ခ) အဆိုပြုထားသည့် (၂၀၁၂) လယ်ယာမြေဥပဒေမှ ပြင်ဆင်သည့် ၂၀၁၇ ခုနှစ်ဥပဒေမူကြမ်းအား ရုပ်သိမ်းသင့်သည်။ အဆိုပြုမူကြမ်း၏ ပုဒ်မ ၃၇ (က) သည် ကျေးလက်လူမှုအသိုက်အဝန်းများအား တရားစွဲဆိုခံရစေနိုင်သည့်အခြေအနေ

ကို လမ်းဖွင့်ထားသည်။

ဂ) ၂၀၁၇ တွင် အဆိုပြုထားသည့် (၂၀၁၂) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းစီမံခန့်ခွဲမှုဥပဒေပြင်ဆင်သည့်ဥပဒေမူကြမ်းအား ရုပ်သိမ်းသင့်သည်။ အဆိုပြုမူကြမ်း၏ ပုဒ်မ ၂၂ နှင့် ၂၇ တို့သည် ကျေးလက်ဒေသခံများအား အခမ့်တရားစွဲဆိုနိုင်ပြီး မြေယာလုပ်ပိုင်ခွင့်မလုံခြုံမှုကို ပိုမိုဖြစ်ပေါ်စေသည်။

- တာဝန်ယူမှုတာဝန်ခံမှုအားတိုးမြှင့်ရန် မြန်မာအစိုးရ၊ ကရင်အမျိုးသားအစည်းအရုံးနှင့်/သို့မဟုတ် ဒေသတွင်းအာဏာပိုင်များမှ အောက်ပါအချက်များအားလုပ်ဆောင်သင့်သည်။

  က) မြေသိမ်းမှုဖြစ်စဉ်များတွင် လာဘ်ထိုးခြင်းများနှင့် အဂတိလိုက်စားခြင်းများအားတိုက်ဖျက်ရန် ယန္တရားများကို ပိုမိုခိုင်မာအားကောင်းအောင် လုပ်ဆောင်သင့်သည်။

  ခ) ဥပဒေမူဘောင်စနစ်တွင် လာဘ်ထိုးမှုနှင့် အဂတိလိုက်စားမှုစွပ်စွဲချက်များကိုဖြေရှင်းရန် အခိုင်အမာဆောင်ရွက်သင့်သည်။

  ဂ) မြေယာကိစ္စရပ်များအပါအဝင် စနစ်တကျအဂတိလိုက်စားမှုများကို စုံစမ်းစစ်ဆေးရန် မြန်မာနိုင်ငံအကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးကော်မရှင်အား လုပ်ပိုင်ခွင့်အာဏာပေးသင့်သည်။

- စီးပွားဖြစ်ဖွံ့ဖြိုးရေးစီမံကိန်းများသည် အကြမ်းဖက်မှုပဋိပက္ခများအား ပိုမိုမဖြစ်ပွားစေရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အောက်ပါအချက်များကို သေချာစွာလုပ်ဆောင်သင့်သည်။

  က) 'ပဋိပက္ခသက်ရောက်မှုခံရသည့်နေရာဒေသများ' ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အား တိကျစွာသတ်မှတ်ဖော်ဆောင်သင့်သည်။

  ခ) 'ပဋိပက္ခသက်ရောက်မှုခံရသည့်နေရာဒေသများ' တွင် ရင်းနှီးမြှုပ်နှံမှုလုပ်ပိုင်ခွင့်ချပေးမှုများနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချမှုဖြစ်စဉ်များအား ပွင့်လင်းမြင်သာမှုရှိစေရန် ပိုမိုလုပ်ဆောင်သင့်သည်။

  ဂ) 'ပဋိပက္ခသက်ရောက်မှုခံရသည့်နေရာဒေသများ'အတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ပိုင်ခွင့်များချမပေးခင် ရင်းနှီးမြှုပ်နှံသူများမှ အခြေခံကျ၍ပြည့်စုံသော ပဋိပက္ခထိခိုက်ဖြစ်ပွားနိုင်မှု ဆန်းစစ်သုံးသပ်ချက်များအားလုပ်ဆောင်ရန် လိုအပ်ချက်တစ်ခုအဖြစ်ထားသင့်သည်။

- မြန်မာနိုင်ငံတွင် စီးပွားရေးနှင့်လူ့အခွင့်အရေးများအတွက် အကောင်းဆုံးလုပ်ထုံးလုပ်နည်းများကျင့်သုံးမှုသေချာစေရန် မြန်မာအစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံးအာဏာပိုင်များမှ အောက်ပါအချက်များကိုလုပ်ဆောင်သင့်သည်။

  က) လွတ်လပ်စွာကြိုတင်အသိပေးခြင်းနှင့်သဘောတူညီမှုရယူခြင်း၊ စီးပွားရေးနှင့်လူ့အခွင့်အရေးဆိုင်ရာကမ္ဘာ့ကုလသမဂ္ဂလမ်းညွှန်ချက်များအပေါ်အခြေခံပြီး မြန်မာနိုင်ငံတွင် သတင်းအချက်အလက်နှင့်တွေ့ဆုံဆွေးနွေးခြင်းလုပ်ငန်းစဉ်များအတွက် နိုင်ငံတကာစံနှုန်းများအားလေးစားလိုက်နာကာ ဥပဒေမူဘောင်များအားပိုမိုအားကောင်းအောင်လုပ်ဆောင်သင့်သည်။

  ခ) မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် သက်ရောက်မှုရှိစေနိုင်သည့်လူမှုအသိုက်အဝန်းများအတွက် အောက်ပါအချက်များအား ကုမ္ပဏီများနှင့်အတူလုပ်ဆောင်ခြင်းဖြင့် သေချာမှုရှိစေရန်ဆောင်ရွက်သင့်သည်။

  ၁။ ရှင်းလင်းသောအချက်အလက်များအားကြိုတင်ရရှိရန်။
  ၂။ အဓိပ္ပါယ်ပြည့်ဝ၍ ထိရောက်သောတွေ့ဆုံဆွေးနွေးမှုများရှိရန်။
  ၃။ နစ်နာမှုဖြေရှင်းသည့်ယန္တရားများအားလက်လှမ်းမှီနိုင်ရန်။

- ရွာသားများမှ ၎င်းတို့၏မြေယာအခွင့်အရေးများအတွက် ပြောဆိုလှုံ့ဆော်ရာတွင် အကြပ်ကိုင်ခြိမ်းခြောက်မှုခံရခြင်းများမရှိစေရန် မြန်မာအစိုးရမှအောက်ပါအချက်များကိုဆောင်ရွက်သင့်သည်။

  က) အာဏာပိုင်များလိုက်နာကျင့်သုံးသည့် ၂၀၁၆ ခုနှစ်ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေတွင် ရွာသားများမှငြိမ်းချမ်းစွာ သဘောဆန္ဒထုတ်ဖော်မှုတွင် ပါဝင်ခြင်းနှင့်လုပ်ဆောင်ခြင်းအတွက်ခွင့်ပြုချက်ရရှိရန်မလိုအပ်ကြောင်း သေချာစွာလုပ်ဆောင်ပေးသင့်သည်။

  ခ) ၂၀၁၆ ခုနှစ်ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေတွင် အာဏာရှင်ဆန်စွာလုပ်ဆောင်နိုင်ရန်အတွက်ခွင့်ပြုထားသည့် တိကျရှင်းလင်းမှုမရှိသောစည်းမျဉ်းစည်းကမ်းများအားပယ်ဖျက်ရန် ပြင်ဆင်သင့်သည်။

  ဂ) ၂၀၁၆ ခုနှစ်ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေအား ၂၀၁၈ ခုနှစ်အဆိုပြုပြင်ဆင်သည့်အချက်များကို ပြန်လည်ရုပ်သိမ်းသင့်သည်။ အဆိုပြုပြင်ဆင်ထားသည့်ဥပဒေသည် ရွာသားများအား ၎င်းတို့၏

အသံများထုတ်ဖော်နိုင်ခွင့်ကို လျှော့ချစေပါသည်။

- မြန်မာနိုင်ငံတွင် အရပ်ဘက်အဖွဲ့အစည်းများကာကွယ်မှုရရှိစေရန် မြန်မာအစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံး အာဏာပိုင်များမှ အောက်ပါအချက်များအားဆောင်ရွက်သင့်သည်။

  က) ဒေသခံလူမှုအသိုက်အဝန်းများ၏မြေယာနှင့် လူ့အခွင့်အရေးများအတွက် စည်းရုံးလှုံ့ဆော်မှုများအား ကူညီပံ့ပိုးပေးရန် လုပ်ဆောင်နေသည့်အရပ်ဘက်အဖွဲ့အစည်းများအတွက် အခက်အခဲအတားအဆီးများကို ဖယ်ရှားပေးသင့်သည်။

  ခ) ရွာသားများ၏မြေယာအခွင့်အရေးအတွက် စည်းရုံးလှုံ့ဆော်မှုများလုပ်ဆောင်ရန် ဒေသအဆင့်ကျေးရွာကော်မတီဖွဲ့စည်းမှုအားအသိအမှတ်ပြုရမည်ဖြစ်ပြီး ၎င်းတို့နှင့်အတူတကွအလုပ်လုပ်ဆောင်သင့်ပါသည်။

## မြန်မာပြည်အရှေ့တောင်ပိုင်းတွင်လုပ်ငန်းလုပ်ဆောင်လျက်ရှိသည့်ကုမ္ပဏီများသို့အကြံပြုချက်များ

- မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ဓလေ့ထုံးတမ်းမြေယာပိုင်ဆိုင်မှုအပေါ် အများအပြားမှီခိုကျင့်သုံးနေပြီး မြေယာပိုင်ဆိုင်မှုဆိုင်ရာ တူညီသည့်စနစ်များမရှိသည့်အချက်အားထည့်သွင်းစဉ်းစားရန်နှင့် ကုမ္ပဏီများမှ ၎င်းတို့၏စီမံကိန်းများအတွက် မြေယာဝယ်ယူခြင်း (သို့) ငှားရမ်းခြင်းလုပ်ဆောင်ရာတွင် အောက်ပါအချက်များကိုဆောင်ရွက်သင့်သည်။

  က) ဓလေ့ထုံးတမ်းမြေယာကျင့်သုံးမှုများအားနားလည်ရန် လေ့လာဆန်းစစ်ချက်များလုပ်ဆောင်သင့်ပြီး ဒေသတွင်းတရားဝင်မြေယာပိုင်ဆိုင်သူနှင့် ဓလေ့ထုံးတမ်းအရမြေယာပိုင်ဆိုင်သူများ၏အခွင့်အရေးအား အသိအမှတ်ပြုရပါမည်။

  ခ) သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးသက်ရောက်မှုဆန်းစစ်ချက်များလုပ်ဆောင်ခြင်းနှင့်နိုင်ငံတကာငွေကြေးဆိုင်ရာကော်ပိုရေးရှင်း (IFC) ဖော်ပြထားသောစံနှုန်းများအပါအဝင် သက်ဆိုင်ရာနိုင်ငံတကာအကောင်းဆုံးလုပ်ထုံးလုပ်နည်းများအား လိုက်နာကျင့်သုံးရပါမည်။

- စီးပွားရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်မှုမတိုင်မီ လွတ်လပ်စွာကြိုတင်အသိပေးခြင်းနှင့်သဘောညီမှုရယူခြင်း (FPIC) မှ ကောင်းမွန်သောလုပ်ထုံးလုပ်နည်းစည်းမျဉ်းများအား ရှေ့တန်းတင်လုပ်ဆောင်ခြင်းပေါ်အခြေခံ၍ ကုမ္ပဏီများမှဒေသခံများနှင့် တွေ့ဆုံဆွေးနွေးမှုများလုပ်ဆောင်သင့်သည်။ ထိုသို့လုပ်ဆောင်ရာတွင် အောက်ပါအချက်များပါဝင်သင့်သည်။

  က) စီမံကိန်းမစတင်မီ၊ လုပ်ဆောင်နေစဉ်အတောအတွင်းနှင့် အကောင်အထည်ဖော်လုပ်ဆောင်စဉ်ကာလတို့တွင် ဒေသခံလူမှုအသိုက်အဝန်း၏စိုးရိမ်မှုများအား ဦးစားပေးထည့်သွင်းစေနိုင်ရန် တွေ့ဆုံဆွေးနွေးမှုများအား အစောဆုံးကြိုတင်ဆောင်ရွက်သင့်သည်။

  ခ) စီမံကိန်း၏သဘောသဘာဝ၊ အရွယ်အစား၊ ထိခိုက်မှုရှိလာလျှင် ၎င်းတို့အား နဂိုမူလအခြေအနေသို့ပြန်လည်ရရှိအောင်လုပ်ဆောင်ပေးခြင်းနှင့် စီမံကိန်း၏အတိုင်းအတာပမာဏ စသည့်သက်ဆိုင်ရာအချက်အလက်များအားသိရှိရန် ပံ့ပိုးစီစဉ်ပေးသင့်သည်။ ထိုသို့လုပ်ဆောင်ရာတွင် ဒေသတွင်းဘာသာစကားနှင့် ယဉ်ကျေးမှုစသည်တို့နှင့် အံဝင်ခွင်ကျဖြစ်မည့်အခြေအနေဖြင့်လည်း ကိုက်ညီရမည်။

  ဂ) တွေ့ဆုံဆွေးနွေးမှုဖြစ်စဉ်တစ်လျှောက်တွင် ဒေသခံပြည်သူများမှတင်ပြသည့်ကိစ္စရပ်များအား မှတ်တမ်းတင်ပြီး ပွင့်လင်းမြင်သာမှုနှင့် သဘောဆန္ဒရယူမှုများရှိစေရန် အာမခံချက်ပေးသင့်သည်။

  ဃ) အစဉ်အလာအားဖြင့် ဆုံးဖြတ်ချက်ချမှုဖြစ်စဉ်များတွင် အမျိုးသမီးနှင့် လူနည်းစုများ၏ပါဝင်မှုကို ဘေးဖယ်ခံထားရခြင်းကြောင့် ၎င်းတို့၏ပူးပေါင်းပါဝင်မှုရှိစေရန် ပံ့ပိုးဆောင်ရွက်သင့်သည်။

  င) ဒေသခံများအား ပေးထားသည့်ကတိကဝတ်များကို လေးစားလိုက်နာရန်နှင့် တရားဝင်ဖြစ်စေရန် အဆင့်လိုက်လုပ်ဆောင်ခြင်းအားဖြင့် အဓိပ္ပါယ်ပြည့်ဝသည့်တွေ့ဆုံညှိနှိုင်းမှုများအား လုပ်ဆောင်သင့်သည်။

  စ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုတွင် ထိန်းချုပ်ခြယ်လှယ်ခြင်း သို့မဟုတ် ဖိအားပေးခြိမ်းခြောက်မှုများမရှိစေရန်သေချာစွာဆောင်ရွက်သင့်သည်။

- မြေယာနှင့်အိုးအိမ်ခြံမြေများပျက်စီးဆုံးရှုံးခဲ့သည့်ပြည်သူများအတွက် လျော်ကြေးနစ်နာကြေးများအားပံ့ပိုးပေးရန် ကုမ္ပဏီများမှ အောက်ပါအချက်များအား လိုက်နာဆောင်ရွက်သင့်သည်။

  က) ဒေသခံပြည်သူများ၏ ဘဝအသက်မွေးဝမ်းကျောင်းများအပေါ် ဖွံ့ဖြိုးရေးစီမံကိန်းများ၏ ရေရှည်နောက်ဆက်တွဲသက်ရောက်မှုများအတွက် အလေးထားဂရုပြုရမည်။

ခ) ပြည့်ဝလုံလောက်သည့် လျော်ကြေးနစ်နာကြေးများအားသတ်မှတ်ရန်အတွက် သက်ရောက်မှုခံစားရသည့်ဒေသခံများနှင့် ညှိနှိုင်းမှုများလုပ်ဆောင်သင့်သည်။ ထိုသို့သတ်မှတ်ရာတွင် လျော်ကြေးငွေတူညီသည့်မြေတန်ဖိုးအရည်အသွေးအားကမ်းလှမ်းပေးခြင်း သို့မဟုတ် အခြားရွေးခြယ်နိုင်သည့် ပြန်လည်အစားထိုးဖြည့်ဆည်းပေးသော မတူညီသည့်လျော်ကြေးနစ်နာကြေးအမျိုးအစားများအား ထည့်သွင်းသင့်သည်။

ဂ) ကုမ္ပဏီနှင့်ထိခိုက်သည့်ရွာသားများအကြား လျော်ကြေးနစ်နာကြေးကတိကဝတ်များနှင့်ပတ်သက်၍တရားဝင်သဘောတူညီမှုများထားရှိကာ လိုက်နာလုပ်ဆောင်သင့်သည်။

ဃ) လျော်ကြေးပမာဏနှင့် အမျိုးအစားများအား မတူညီသောဒေသခံများသို့ပေးရာတွင် ပွင့်လင်းမြင်သာပြီး မျှတမှုရှိစေရန် သေချာစွာလုပ်ဆောင်သင့်သည်။

င) လျော်ကြေးနစ်နာကြေးများသည် ရွာသားများနှင့်ပွင့်လင်း၍ မျှတသောတွေ့ဆုံဆွေးနွေးမှုအတွက် အစားထိုးပေးခြင်းမဖြစ်စေရန် တာဝန်ခံမှုထားရှိပြီး လုပ်ဆောင်ပေးရပါမည်။

စ) ရွာသားများမှ မျှတမှုမရှိ သို့မဟုတ် လုံလောက်မှုမရှိဟုယူဆသည့် လျော်ကြေးနစ်နာကြေးများအား လက်ခံရန်အတွက် ဖိအားပေးမှုများ သို့မဟုတ် ခြိမ်းခြောက်မှုများမရှိစေရန် သေချာစွာဆောင်ရွက်သင့်သည်။

## မြန်မာပြည်အရှေ့တောင်ပိုင်းတွင် လုပ်ဆောင်လျက်ရှိသော ပြည်တွင်းနှင့်နိုင်ငံတကာအရပ်ဘက်လူမှုအဖွဲ့အစည်းများသို့ အကြံပြုချက်

- လူထုအခြေပြုအဖွဲ့အစည်းများ(CBOs)နှင့် အရပ်ဘက်အဖွဲ့အစည်းများ(CSOs)သည် ရွာသားများအား ဒေါက်ဖော်ပြပါကိစ္စရပ်များတွင်ကူညီရန် သင်တန်းများနှင့်အသိပညာဗဟုသုတအတွက် အရင်းအမြစ်များအား ပံ့ပိုးလုပ်ဆောင်ပေးသင့်သည်။

  က) မြေယာဥပဒေများအားပိုမိုနားလည်သိရှိရန်။

  ခ) မြေယာမှတ်ပုံတင်ခြင်းအား မည်သို့လျှောက်ထားရမည်ကိုလေ့လာနိုင်ရန်။

  ဂ) မြေယာကိစ္စရပ်များအတွက် စီရင်ဆုံးဖြတ်သည့်အစုအဖွဲ့များနှင့် ဒေသတွင်းတိုင်ကြားမှုများအား မည်သို့တင်ပြလုပ်ဆောင်နိုင်သည်ကိုနားလည်စေရန်။

- အရပ်ဘက်အဖွဲ့အစည်းများနှင့် လူထုအခြေပြုအဖွဲ့အစည်းများသည် ရွာသားများ၏မြေယာအခွင့်အရေးများအား ပိုမိုထိရောက်စွာစည်းရုံးလှုံ့ဆော်နိုင်ရန် ၎င်းတို့အသုံးပြုနေသော ကွဲပြားသည့်လုပ်ဆောင်မှုနည်းဗျူဟာများကို ထောက်ခံအားပေးသင့်သည်။ ထို့ပြင် ငွေကြေး၊ နည်းပညာနှင့် ဥပဒေဆိုင်ရာ စသည့်ပံ့ပိုးမှုများပေးခြင်းအားဖြင့် ကူညီပေးသင့်သည်။

- အရပ်ဘက်အဖွဲ့အစည်းများနှင့် လူထုအခြေပြုအဖွဲ့အစည်းများအနေဖြင့် ရွာသားများမှ ၎င်းတို့၏မြေယာအခွင့်အရေးများအတွက်စည်းရုံးလှုံ့ဆော်ရန် ဖွဲ့စည်းထားသောဒေသအဆင့်ကော်မတီအဖွဲ့ကို အသိအမှတ်ပြုသင့်ပြီး ဖြစ်နိုင်သောနေရာတွင် ပူးပေါင်းပါဝင်ရပါမည်။

- နိုင်ငံတကာလူမှုအဖွဲ့အစည်းများသည် ဒေသခံလူမှုအသိုက်အဝန်းများ၏ မြေယာအခွင့်အရေးအတွက် စည်းရုံးလှုံ့ဆော်မှုတွင် ကူညီပေးနေသောအရပ်ဘက်အဖွဲ့အစည်းများနှင့် လူထုအခြေပြုအဖွဲ့အစည်းများအားပံ့ပိုးကူညီပေးရန်နှင့် ၎င်းတို့၏

Livelihoods and Food Security Trust Fund

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့သည် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပြီး မြန်မာပြည်အတွင်းလူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန် ရွာသားများ၏အသံများကိုမှတ်တမ်းတင်ခြင်းနှင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများအပေါ်သူတို့၏အခွင့်အရေးများကိုပြန်လည်တောင်းဆိုခြင်း၊ တုံ့ပြန်ကာကွယ်ခြင်း စသည့်နည်းဗျူဟာများအားပံ့ပိုးပေးခြင်းဖြင့် လုပ်ဆောင်နေပါသည်။ ထို့အပြင် ရရှိသည့်သတင်းအချက်အလက်များကို ဖြန့်ဝေပေးခြင်းနှင့် ချိုးဖောက်မှုများကိုကာကွယ်လျက်ရှိသည့် ရွာသားများ၏နည်းဗျူဟာများပိုမိုကောင်းမွန်စေရန် ၎င်းတို့နှင့်ပူးပေါင်းလုပ်ဆောင်မှုများလုပ်ခြင်းဖြင့် မြန်မာပြည်ရှိလူ့အခွင့်အရေးအခြေအနေ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ကြိုးပမ်းလျက်ရှိပါသည်။ ကျွန်ုပ်တို့၏လုပ်ငန်းများကို အသေးစိတ်သိရှိလိုပါက www.khrg.org တွင် ဖတ်ရှုနိုင်ပါသည်။